# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရန်ကုန်တိုင်းဒေသကြီးအစိုးရ
# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
# မြို့တော်ခန်းမ၊ ရန်ကုန်မြို့
# အမိန့်ကြော်ငြာစာအမှတ်(ရရ/၂၀၁၈)

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးမှုစနစ်တကျ ဖြစ်ထွန်းစေရေးအတွက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်စေမည့် ထိန်းညှိစနစ်တစ်ခု ပေါ်ထွန်းလာစေရန်အလို့ငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များအား ၁၈-၁၀-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် ၄၉ အရ ပူးတွဲပါ မြေပုံနှင့်အညီ အောက်ပါအတိုင်း ဧရိယာခွဲခြားသတ်မှတ်လိုက်သည်-

(က) လက်ရှိ မြို့ပြသဘာဝပတ်ဝန်းကျင်စနစ်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သတ်မှတ်ထားသည့် ဧရိယာ (Conservation Area) လှော်ကား၊ ကန်တော်ကြီး၊ အင်းလျားကန် အစရှိသည့် ရေပြင်၊ စိမ်းလန်းမြေနှင့် ပန်းခြံနေရာများ။

(ခ) မြို့ပြဖွံ့ဖြိုးမှုအား ထိန်းညှိနိုင်ရန် သတ်မှတ်ထားသည့် ဧရိယာများနှင့် သမိုင်းဝင်အမွေအနှစ်များ စုဝေးတည်ရှိရာဧရိယာ၊ (Development Controlled Area) လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင် စသည့် မြို့လယ် (၆) မြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်၊ ရွှေတိဂုံဘုရားပတ်ဝန်းကျင်၊ ဗဟန်း၊ ဒဂုံ၊ ကမာရွတ်မြို့နယ် ဧရိယာများအပါအဝင် သီးခြားအမိန့်ကြော်ငြာစာများဖြင့် သတ်မှတ်ပေးမည့် ဧရိယာများ။

(ဂ) လူနေသိပ်သည်းမှုအား မြှင့်တင်ဆောင်ရွက်သွားရန် သတ်မှတ်ထားသည့်ဧရိယာ (Guided Densi□cation Area) တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရွှေပြည်သာ၊ လှိုင်သာယာ။

(ဃ) မြို့ပြဖွံ့ဖြိုးမှုအား တိုးမြှင့်ဆောင်ရွက်သွားရန် သတ်မှတ်ထားသည့်ဧရိယာ၊ (Development Promotion Area) မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံ။

(င) မြို့ပြဖွံ့ဖြိုးမှုများ စနစ်တကျ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် သတ်မှတ်ထားသည့်ဧရိယာ၊ (Redevelopment and Upgrade Area) လှိုင်၊ ရန်ကင်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း။

၂။ အထက်ဖော်ပြပါ ခွဲခြားသတ်မှတ်လိုက်သော ဧရိယာများအလိုက် အသေးစိတ်ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**မောင်မောင်စိုး**
**ဥက္ကဋ္ဌ (မြို့တော်ဝန်)**

